ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

<u>တယ်လီဖက်စ်(အထွက်)</u>

သို့ ၊ မသရ (အားလုံး)၊ အဖွဲ့ရုံး(အားလုံး)ကောင်စစ်ဝန်ချုပ်ရုံး(အားလုံး)
မှ ၊ နစဌ
စာအမှတ် ၊ ၁၂၁၁/၀၁/၂၀၀၅-၂၀၀၆(၆၀၁)
ရက်စွဲ ၊ ၄ -၈-၂၀၀၅

---

၁။ ၂၀၀၅ခုနှစ်၊ ဩဂုတ်လ(၂)ရက်နေ့၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့သော Export Earning ဆိုင်ရာငွေစာရင်းပြောင်းခြင်း၊ (Account Transfer) ဖြင့် သွင်းကုန်အခွင့်အရေး (Import Right) ပေးမည့်ကိစ္စရပ်များ အစည်းအဝေးမှ အောက်ပါအချက်များ အသိပေးခဲ့ပါသည်၊

(က) ယခုအချိန်မှစ၍ Account Transfer နည်းလမ်းဖြင့် သွင်းကုန်အခွင့်အရေး (Import Right)များ ခွင့်ပြုပေးသွားမည်ဖြစ်ရာ အောက်ပါနည်းလမ်းများဖြင့်ရရှိသော နိုင်ငံခြားငွေများကို Export Earning အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း-

(၁) ပို့ကုန်မှရငွေများ
(၂) လက်စားလုပ်ငန်း၊ (CMP) စနစ်ဖြင့်ရငွေများ
(၃) ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာမှ ရငွေများ (သင်္ဘောသားများ၊ အလုပ်သမားများ)
(၄) ကျောက်မျက်ရတနာရောင်းရငွေများ

(ခ) ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေကြသော တရားဝင်အလုပ်သမားများအနေဖြင့် MFTB နှင့် ၎င်း၏ Correspondent Bankများမှ တစ်ဆင့်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ ငွေများလွှဲပြောင်းပေးပို့နိုင်မည်ဖြစ်ပြီး (Import Right) အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် Trade Council သို့ သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း-

(ဂ) သွင်းကုန်အမျိုးအစားနှင့် အခြားသိရှိလိုသော အသေးစိတ်အချက်အလက်များကို ပြန်ကြားပေးမည်ဖြစ်ကြောင်း-

(ဃ) CNG မော်တော်ယာဉ်များ တင်သွင်းခွင့်ကို လျှောက်ထားလာပါက တင်ပြပေးမည်ဖြစ်ကြောင်း-

(ဂ) Account Transfer နည်းဖြင့် လွှဲပို့ငွေများ သက်ဆိုင်ရာသို့ ချောမွေ့စွာရောက်ရှိရေးအတွက် MFTB နှင့် MICB ဘဏ်များမှ တာဝန်ယူမည်ဖြစ်ကြောင်း။

၂။ သို့ပါ၍ မြန်မာသံရုံးအဖွဲ့ရုံး၊ကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် ပြည်ပနိုင်ငံများရှိ မြန်မာအလုပ်သမားများ၊ သင်္ဘောသားများအား အထက်ဖော်ပြပါသတင်းများကို အသိပေးသွားကြပါရန်နှင့် အသေးစိတ်အချက်အလက်များရရှိပါက ထပ်မံပေးပို့အကြောင်းကြားသွားမည်ဖြစ်ပါသည်။

---

ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ ဩဂုတ်လ ၄ ရက်။

ဒုတိယဝန်ကြီး(ကိုယ်စား)
(ခင်မောင်ဦး၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၇ ထ. ၂၀၀၅ (ဦး/မှ)၂၉၃၄
ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

အကြောင်းအရာ ။ **Accounts Transfer** နည်းဖြင့် သွင်းကုန်အခွင့်အရေး (**Import Right**) များ ခွင့်ပြုမည့်ကိစ္စ

ရည်ညွှန်းချက် ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၄-၈-၂၀၀၅ ရက်စွဲပါ စာအမှတ် ၁၂၁၁/၀၁/၂၀၀၅-၂၀၀၆ ( ၂၅၆ )

၁။ ပြည်ပနိုင်ငံများတွင်တရားဝင်အလုပ်လုပ်ကိုင်နေသူများအနေဖြင့် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် ၎င်း၏အဆက်အသွယ်ဘဏ် ( Correspondent Bank )များမှတဆင့် ငွေများလွှဲပြောင်းပေးပို့ပါက သွင်းကုန်အခွင့် အရေး(Import Right)ပေးမည့်ကိစ္စနှင့် စပ်လျဉ်း၍ အဆိုပါနိုင်ငံသားများမှ ပြည်ပရှိမြန်မာသံရုံးများသို့ စုံစမ်းမေးမြန်းလာပါသဖြင့် အဆိုပါမေးမြန်းလာ သည့်အချက်အလက်များအား ဆောလျင်စွာပြန်ကြားပေးပါရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဤဝန်ကြီးဌာနသို့ ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံထားပါသည်။

၂။ အဆိုပါမေးမြန်းလာသည့် အချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းပြန်ကြားအပ်ပါသည် -

(က) သွင်းကုန်ပါမစ်လျှောက်ထားခြင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သို့လျှောက်ထားရန် ဖြစ်ပါသည်၊

(ခ) သွင်းကုန်ပါမစ်လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများမှာအောက်ပါ အတိုင်း ဖြစ်ပါသည်-

(၁) ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သို့လိပ်မူ၍ တင်သွင်းခွင့်လျှောက်ထား သည့်လျှောက်လွှာ ၊

(၂) ပြည့်စုံစွာဖြည့်စွက်ထားသည့်သွင်းကုန်ပါမစ်လျှောက်လွှာပုံစံမူးတွဲ တင်ပြရမည် ၊ ယင်းလျှောက်လွှာပုံစံတွင် ၆ ကျပ်တန် ရုံးခွန်တော်တံဆိပ်ခေါင်းကပ်ရမည် ။ လျှောက်လွှာတွင် ကာယကံရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးရပါမည်၊

(၃) MFTB / MICB တို့တွင် သက်ဆိုင်ရာပုဂ္ဂိုလ်၏အမည်ဖြင့် နိုင်ငံခြားငွေရှိသည့် အထောက်အထား မှုရင်းနှင့်မိတ္တူ ၊

(၄) တရားဝင် ဝင်ငွေရရှိမှု ၊ သုံးစွဲမှု ၊ ၁၀% အခွန်ဆောင်မှု နှင့် စုဆောင်းရငွေ စာရင်းရှင်းတမ်းနှင့် အထောက်အထားများ ၊

(၅) ၁၀% အခွန်ငွေများပေးဆောင်ပြီးသည့် အထောက်အထား မူရင်းနှင့်မိတ္တူ ၊

(၆) တင်သွင်းမည့် ပစ္စည်း၏ Proforma Invoice၊

(၇) ပြည်ပသို့တရားဝင်သွားရောက်အလုပ်လုပ်သည့် အထောက်အထား မူရင်းနှင့် မိတ္တူများ ၊

(၈) နိုင်ငံသားစိစစ်ရေးကဒ် မူရင်းနှင့်မိတ္တူ၊

(ဂ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က ၂၅-၂-၂၀၀၀ ရက်စွဲပါ အမိန့်အမှတ် (၂/ ၂၀၀၀) ဖြင့် ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် တင်သွင်းခွင့်မပြုသော ပစ္စည်း (၁၄) မျိုး (အမိန့်ပူးတွဲပေးပို့ပါသည်။) မော်တော်ယာဉ်များ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများနှင့် သွပ်ပြား များအား တင်သွင်း ခွင့်မပြုရန်သတ်မှတ်ထားပါသည်။နောက်ဆက်တွဲ-က

(ဃ) အဆိုပါပစ္စည်းများမှအပ ကျန် ပစ္စည်းများအား သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ တင်သွင်းခွင့်လျှောက် ထားနိုင်ပါသည်။ပုဂ္ဂိုလ်တစ်ဦးချင်းကတင်သွင်းခွင့်လျှောက်ထားရာတွင်သွင်းကုန်ပါမစ်သာလျှောက်ထားနိုင်ပါသည်။သွင်းကုန်ပါမစ်မှာစီးပွားရေး မဆန် သော အရေးအတွက်နှင့်တန်ဖိုးသာလျှောက်ထားခွင့်ရှိပါသည်။နိုင်ငံခြားငွေအလုံအလောက်ရှိ၍ သွင်းကုန်လိုင်စင်ဖြင့် စီးပွားရေး သဘောဆန်သောအရေးအတွက်နှင့် တန်ဖိုးတင်သွင်းခွင့် လျှောက်ထားလိုပါကကုမ္ပဏီတည်ထောင်ပြီးထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ပြီးမှသာ တင်သွင်းခွင့်ရှိပါသည်။ ကုမ္ပဏီတည်ထောင်ခြင်းကို ရင်းနှီး မြှုပ် နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန NPED သို့ လျှောက်ထားမှတ်ပုံတင်ရန်ဖြစ်ပါသည်။ ( Private Co., Ltd. တည်ထောင်မှတ်ပုံတင်ရာတွင် တင်ပြရမည့် စာရွက်စာတမ်းများကို နောက်ဆက်တွဲ-ခ တွင် ဖော်ပြထားပါသည်)

(င) ပုဂ္ဂိုလ် တစ်ဦးချင်းကသွင်းကုန်ပါမစ်လျှောက်ထားမှုကို စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားရပါမည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က ကုန်သွယ် မှုမူဝါဒကောင်စီသို့ ဆက်လက်တင်ပြပြီး ကုန်သွယ်မှုမူဝါဒကောင်စီ၏ဆုံးဖြတ် ချက်နှင့်အညီ သွင်းကုန်ပါမစ်ခွင့်ပြုပေးမည်ဖြစ်ပါသည်၊

(စ) ပြည်ပတွင်အလုပ်လုပ်ဆဲ ပုဂ္ဂိုလ်များကပြည်ပ မှနေ၍ တင်သွင်းခွင့်လျှောက်ထားခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးမှ ထောက်ခံပေးရန်ဖြစ်ပါသည်၊

(ဆ) တင်သွင်းခွင့် လျှောက်ထားရာတွင် အချိန်ကာလနှင့် လျှောက်ထားသည့် အကြိမ်အရေအတွက် ကန့်သတ်ထားခြင်းမရှိပါ၊

(ဇ) ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်နေသူများက MFTB / MICB တို့ရှိ မိမိတို့၏ နိုင်ငံခြားငွေစာရင်းများသို့ ပြည်ပမှ နေ၍ မိမိတို့၏တရားဝင်စုဆောင်းငွေများကို လွှဲပြောင်းပေးပို့သည့်ငွေများအား Accounts Transfer နည်းလမ်းဖြင့် ကုမ္ပဏီ တစ်ခုခု၏ နိုင်ငံခြားငွေစာရင်းသို့ တရားဝင်လွှဲပြောင်းလိုက လွှဲပြောင်းခွင့်ပြုထားပါသည်။ ယင်းလွှဲပြောင်းရငွေဖြင့် ကုမ္ပဏီများအား ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းခွင့်ပြုထားပါသည်။

ဒုတိယဝန်ကြီး (ကိုယ်စား)

( ခင်လတ်- ရုံးအဖွဲ့မှူး )

နိုင်ငံခြားရေးဝန်ကြီးဌာန

မိတ္တူကို -

(၁) ဥက္ကဋ္ဌ ၊ ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်ရေးကြီးကြပ်မှုအဖွဲ့၊

(၂) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန၊

(၃) ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊

(၄) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊

(၅) ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊

(၆) ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊

(၇) ညွှန်ကြားရေးမှူး ၊ သွင်းကုန်လုပ်ငန်းဌာန ၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ။

နောက်ဆက်တွဲ-၄

Private Co., Ltd.တည်ထောင်မှတ်ပုံတင်ရာတွင် အောက်ပါတို့ကိုတင်ပြရမည် ဖြစ်ပါသည်။

(က) သင်းဖွဲ့မှတ်တမ်း

(ခ) သင်းဖွဲ့စည်းမျဉ်း

(ဂ) ကုမ္ပဏီမှတ်ပုံတင်ကြောင်းကြေညာချက်

(ဃ) ကုမ္ပဏီတည်နေရာ၊ လိပ်စာ

(င) ဒါရိုက်တာအဖွဲ့ဝင်စာရင်း

(၂ ဦးမှ ၅၀ ဦးအတွင်းဖြစ်ရမည်။)

(စ) ဒါရိုက်တာအဖွဲ့ဝင်များအကြားကုမ္ပဏီတွင်ပါဝင်မှုရှိ မရှိ

(ဆ) ကုမ္ပဏီဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာဝန်ခံချက်

(ဇ) ဂတိဝန်ခံချက် (ကုမ္ပဏီဆိုင်ရာစည်းမျဉ်းကို လိုက်နာမည့်ဝန်ခံချက်)

(ဈ) လုပ်ငန်းရည်ရွယ်ချက်ရှေ့ချယ်တင်ပြရမည်

(ည) ဒါရိုက်တာများမှတ်ပုံတင်မိတ္တူ